| (၂) | ရဲ ၂၈၄၃ ဒုတိယရဲမှူးကြီး ဒွေးဒွေးထွန်း<br>ဒုတိယကျောင်းအုပ်ကြီး<br>အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်း | ဒုတိယတပ်ဖွဲ့မှူး<br>အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့<br>[အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်းတွဲ] |
| (၃) | ရဲ ၂၉၃၆ ဒုတိယရဲမှူးကြီး ထွန်းခိုင်<br>ဒုတိယကျောင်းအုပ်ကြီး<br>အမှတ် (၃) ရဲလေ့ကျင့်ရေးကျောင်း | ဌာနမှူး<br>နည်းပညာဌာန<br>သတင်းရဲတပ်ဖွဲ့<br>[အမှတ် (၃) ရဲလေ့ကျင့်ရေးကျောင်းတွဲ] |
| (၄) | ရဲ ၂၇၉၇ ဒုတိယရဲမှူးကြီး သက်နိုင်ထွန်း<br>ဦးစီး (ပ) (ဦး/ရေး/ထောက်)<br>တပ်ဖွဲ့မှူးရုံး<br>ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း<br>လုံခြုံရေးရဲတပ်ဖွဲ့ | ကွပ်ကဲမှုအဖွဲ့ခွဲမှူး<br>အမှတ် (၆) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့<br>(ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း<br>လုံခြုံရေးရဲတပ်ဖွဲ့တွဲ) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၉၅/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | လ ၁၁၆၉၆၈ ရဲအုပ် ကြည်စိုး<br>မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၈၂၈ |
| (၂) | လ ၁၁၂၃၇၀ ရဲအုပ် မြင့်သန်း<br>ရထားရဲတပ်ဖွဲ့ | ရဲ ၈၈၂၉ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၁၂/၂၀၂၅)

ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆင့် (ပ/၃၉၅၆) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှ စက်တင်ဘာလ ၁၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၁၄/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (E-လယ်ဝိုင်းကုန်း)၊ ဦးပိုင်အမှတ် (၆/၁၂) ရှိ **မြေဧရိယာ ၀.၀၅၀ ဧက** အား **ပုလောမြို့နယ်တရားရုံး၊ ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၁၅/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ လပွတ္တာ (၃) မိုင်မြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၅၅၆/ဖလံတော)၊ မြေကွက်အမှတ် (၉၀) ရှိ **မြေဧရိယာ ၀.၃၁၀ ဧက** အား **လပွတ္တာမြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၁၆/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၁၈/ဇိုင်းဂနိုင်းကြီးကွင်း)၊ ဦးပိုင်အမှတ် (၆/၁) ရှိ မြေဧရိယာ ၅.၀၅ ဧက၊ ဦးပိုင်အမှတ် (၆/၂) ရှိ မြေဧရိယာ ၂.၁၄ ဧက၊ ဦးပိုင်အမှတ် (၆/၃) ရှိ မြေဧရိယာ ၃.၈၀ ဧက **စုစုပေါင်းမြေဧရိယာ ၁၀.၉၉ ဧက** အား **အထွေထွေစက်မှုလုပ်ငန်း (ဖိနပ်စက်ရုံ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **၆,၅၉၄,၀၀၀/-** ကျပ်နှုန်းဖြင့် **ဒေါ်လင်းရွှေ (ခ) ဒေါ်တင်တင်စိုး [၉/မကန (နိုင်) ၀၄၅၉၃၉]** သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၁၇/၂၀၂၅)

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၅၃-အေ-၂/မြဝတီအပြင်ကွင်း)၊ ဦးပိုင်အမှတ် (၁၀၃) ရှိ **မြေဧရိယာ ၂.၂၀ ဧက** အား ဂိုဒေါင်ဆောက်လုပ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **၂,၆၉၂,၈၀၀/-** ကျပ်နှုန်းဖြင့် **ဦးမြင့်ထွန်း [၁၂/မဂဒ (နိုင်) ၀၁၁၇၂၉]** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၉(ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၂၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ကာကွယ်ရေးဝန်ကြီးဌာန၊ **ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ အလိုရှိကြောင်း ကြေညာလိုက်သည်-

**မြေတည်ရှိရာဒေသ**

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်း/အကွက်အမှတ်နှင့် အမည် | မြေကွက်အမှတ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| နေပြည်တော် | ဇေယျာသီရိ | သက်နှင်းအင်း | ၁၅၉၁၊ သစ်တပ်အရှေ့ကွင်း | ၂၂/၁၁၈ | ၂.၅၈ |
| | | | | ၂၃/၁၁၇ | |
| | | | ၁၅၉၂၊ တဲကြီးကုန်းကွင်း | ၉/၄၅၃ | ၁.၆၀ |
| | | | | ၁၃/၄၅၄ | |
| စုစုပေါင်း | | | | | ၄.၁၈ |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃(ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် အတိုင်းဆောင်ရွက်ရန် ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့် အပ်နှင်းလိုက်သည်။

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အထက်ဖော်ပြပါမြေများကို ကာကွယ်ရေးဝန်ကြီးဌာန၊ **ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး** အတွက် သိမ်းဆည်းရန် အလိုရှိကြောင်းကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသော မြေ၏ ကွင်းအမှတ်/အမည်၊ မြေကွက် အမှတ်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား **နောက်ဆက်တွဲ** ပါအတိုင်း ဖော်ပြအပ်ပါသည်။

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရှေ့လားသော် - လယ်မြေများ

အနောက်လားသော် - နေပြန်လပန်ချောင်း

တောင်လားသော် - ပင်လောင်းလမ်းမကြီး

မြောက်လားသော် - လယ်မြေများ

စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် အသုံးပြုသော မြေပုံများအရဖြစ်၍ ယင်းမြေပုံကို ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေး နိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရနှင့် မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက် ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင်ကာကွယ်ရေးဝန်ကြီးဌာန၊ **ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် **ကာကွယ်ရေးဝန်ကြီးဌာန** သို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

မြေသိမ်းဆည်းလွှဲပြောင်းပေးသည့် မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

နောက်ဆက်တွဲ

**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး မြေနေရာအဖြစ် မြေသိမ်းဆည်းဆောင်ရွက်စဉ်က စာရင်းမြေပုံများအရ ပါဝင်သည့် တောင်သူများစာရင်းနှင့် မြေဧရိယာစာရင်း**

| စဉ် | အမည် | ကွင်းအမှတ်နှင့် အမည် | ဦးပိုင်/မြေကွက် အမှတ် | စုစုပေါင်း မြေဧရိယာ (ဧက) |
|---|---|---|---|---|
| ၁ | ဒေါ်စန္ဒာအေး/ဒေါ်တိုးတိုး | ၁၅၉၁၊ သစ်တပ် (အရှေ့) | ၃-ခ | ၁.၂၂ |
| ၂ | ဦးမောင်ကိုကြီး | ၁၅၉၁၊ သစ်တပ် (အရှေ့) | ၁/၁ | ၀.၄၀ |
| ၃ | ဦးစိုးဝင်း | ၁၅၉၁၊ သစ်တပ် (အရှေ့) | ၁/၂ | ၀.၄၈ |
| ၄ | ဒေါ်သန်းသန်းဆင့် (ဦးတင်ရွှေဇနီး) | ၁၅၉၁၊ သစ်တပ် (အရှေ့) | ၃-က | ၀.၄၈ |
| ၅ | ဒေါ်ညွန့်/ဦးသန်းထွန်း (သားသမက်) | ၁၅၉၂၊ တဲကြီးကုန်း | ၂/၁ | ၀.၈၅ |
| ၆ | ဦးစောမောင်/ ဦးတင်သိန်း | ၁၅၉၂၊ တဲကြီးကုန်း | ၄ | ၀.၇၅ |
| | **စုစုပေါင်း** | | | ၄.၁၈ |

## အမိန့်ကြော်ငြာစာ (၄၂၅/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (Y-ပုလောပြင်)၊ ဦးပိုင်အမှတ် (၄၀၃) ရှိ **မြေဧရိယာ ၀.၄၆၁ ဧက** အား **ပုလောမြို့နယ်တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၂၆/၂၀၂၅)

ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့၊ ဝိန်းနေရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃၆/ဝိန်းနေမြောက်)၊ ဦးပိုင်အမှတ် (၁၇၁၊ ၁၇၂)၊ **မြေဧရိယာ ၀.၅၁၄ ဧက** အား **စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ခရိုင်စီမံကိန်းဦးစီးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၂၇/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့၊ အမှတ် (၇) ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၇၈၃$^{A/N}$/သပြေကုံးအနောက်ကွင်း)၊ ဦးပိုင်အမှတ် (၆၀) ရှိ **မြေဧရိယာ ၀.၂၂ ဧက** အား **ခရမ်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၂၈/၂၀၂၅)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဖီလာရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၈၃၄/က၊ တောင်ဖီလာတောင်)၊ ဦးပိုင်အမှတ် ( $\frac{၁၃}{၃၈၅}$ ) ရှိ **မြေဧရိယာ ၀.၄၈၂ ဧက** အား **ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကလေးခရိုင်ဦးစီးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၂၉/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှ ကွပ်ကဲရေးမှူး ရဲ ၁၉၀၄ ယာယီရဲမှူးချုပ် ကိုကိုလွင် အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၃၀/၂၀၂၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လ ၁၂၉၈၂၈ ရဲအုပ် မြင့်ဇော် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၈၈၃၀ အဖြစ် သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်)

၁။ ၁၆-၅-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်၏ ၄-၆-၂၀၂၅ ရက်နေ့မှ ၃-၁၀-၂၀၂၅ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။ ၎င်း၏ ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၄-၁၀-၂၀၂၅ ရက်နေ့မှ ၃-၂-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ အဆိုပါခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့နံနက်ပိုင်းမှစ၍ ဦးဝင်းလှိုင် ကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၃)

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၆ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၃) ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် စက်နှင့် စက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရာတွင် အရည်အသွေးပြည့်မီသော အဆောက်အဦ၊ စက်ပစ္စည်းများရရှိရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **တင်ဒါကော်မတီ** အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးထင်ကျော်သူ | ဒုတိယဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးထက်အောင် | ညွှန်ကြားရေးမှူးချုပ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးအောင်သူထူး | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (ဃ) | ဦးကိုကိုဦး | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (င) | ဦးအောင်သက်နိုင် | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၂။ အဆိုပါ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရယူမည့်ဝန်ဆောင်မှုနှင့် ဝယ်ယူမည့်ပစ္စည်းအတွက် အမျိုးအစား၊ အရည်အသွေး၊ အရေအတွက် မှန်ကန်မှု ရှိ မရှိ စိစစ်ခြင်း၊

(ခ) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ဂ) အထက်ပါ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းဆောင်ရွက်ချက်အဆင့်ဆင့်ကို အနီးစပ်ဆုံးကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၃)၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဃ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(င) တင်ဒါကော်မတီက ရွေးချယ်သည့်ကုမ္ပဏီနှင့် ဝန်ဆောင်မှုရယူသည့်/ပစ္စည်းဝယ်ယူသည့် ဌာနတို့ စာချုပ်ချုပ်ဆိုပြီးနောက် တင်သွင်းလာသည့် ဝန်ဆောင်မှုပစ္စည်းများကို စာချုပ်ပါအချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှု ရှိ မရှိ အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ စစ်ဆေးစေခြင်း၊

(စ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်က သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကြန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်း ပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

( ဇ ) တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း၊

(ဈ) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းများဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ည) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

( ဋ ) တင်ဒါလုပ်ငန်းစဉ်များအား ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

မောင်မောင်တင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၃)

## တင်ဒါကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၆ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၃)၊ အခွန်အယူခံခုံအဖွဲ့ရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ပြည်ထောင်စုရန်ပုံငွေ၊ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ရုံးသုံးပရိဘောဂ၊စက်နှင့်စက်ကိရိယာ ပစ္စည်းများ ဝယ်ယူရာတွင် အရည်အသွေးပြည့်မီသော ပစ္စည်းများရရှိရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) ဒေါ်သန့်ဇင်အေး | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) ဒေါ်မေသူခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) ဒေါ်အေးမြတ်သူ | ဦးစီးအရာရှိ | အတွင်းရေးမှူး |

( ခ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) ဦးစိန်ဝင်းအောင် | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) ဦးကျော်ဇေယျ | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) ဦးမြတ်ကိုကိုနိုင် | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (၄) ဒေါ်သွယ်သွယ်မိုး | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(ဂ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (၁) ဦးကျော်စွာဝင်း | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) ဦးဇေယျာထွန်း | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (၃) ဒေါက်တာ ခင်လပြည့်ဝန်း | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၂။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက် စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်းစသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(ဂ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်းအမျိုးအစား အလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့်ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(င) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(စ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာ ဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(င) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဆ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားနှင့်ပတ်သက်၍ ခိုင်မာသည့်အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၄။ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကိုလက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံ စာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(င) ပစ္စည်းအမျိုးအစား တစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့်ခုနှစ်၊ ထုတ်လုပ်သည့်ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

ထင်ကျော်သူ
ဥက္ကဋ္ဌ
တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄)**

**အမိန့်ကြော်ငြာစာအမှတ် (၀၀၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄)၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ စက်နှင့်စက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရာတွင် အရည်အသွေးပြည့်မီသော အဆောက်အဦ စက်ပစ္စည်းများရရှိရေးအတွက် **တင်ဒါကော်မတီ** အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးအောင်ကျော်မိုး | ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမင်းညိုဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးညီညီအောင်စိုး | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဃ) | ဦးဖြိုးကျော်သူ | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (င) | ဦးနေဟိန်း | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (စ) | ဦးအောင်မျိုး | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်–

(က) တင်ဒါကော်မတီသည် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီဖြစ်သော ကော်မတီ (၃) ခုအား တာဝန်များ ခွဲဝေသတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ရမည်၊

(ခ) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ဂ) အထက်ပါ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းဆောင်ရွက်ချက်အဆင့်ဆင့်ကို အနီးစပ်ဆုံးကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဃ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(င) တင်ဒါကော်မတီက ရွေးချယ်သည့်ကုမ္ပဏီနှင့် ဝန်ဆောင်မှုရယူသည့်/ပစ္စည်းဝယ်ယူသည့် ဌာနတို့ စာချုပ်ချုပ်ဆိုပြီးနောက် တင်သွင်းလာသည့် ဝန်ဆောင်မှုပစ္စည်းများကို စာချုပ်ပါအချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှု ရှိ မရှိ အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ စစ်ဆေးစေခြင်း၊

(စ) အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်က သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(ဇ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါ ဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ရမည်၊

(ဈ) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းများဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ည) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ရမည်၊

(ဋ) တင်ဒါလုပ်ငန်းစဉ်များအား ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

၃။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာနက နိုင်ငံပိုင်ပစ္စည်းများအား ဝယ်ယူနိုင်ရေးအတွက် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဒေါ်နှင်းခက်စိမ်း | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ခင်မာဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဂ) | ဒေါ်မြသီတာဦး | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (ဃ) | ဦးနေဘုန်းထင် | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (င) | ဦးရဲရင့် | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၄။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

(က) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသောနမူနာပစ္စည်း အမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(ခ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(ဂ) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးအပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(ဃ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၅။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာနက နိုင်ငံပိုင်ပစ္စည်းများအား ဝယ်ယူနိုင်ရေးအတွက် **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးကျော်ကျော် | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခ) | ဦးဇော်မင်းဟိန်း | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဂ) | ဒေါ်ပန်းအိဖြူ | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ဟေမာထွန်း | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (င) | ဒေါ်သိမ့်သိမ့်ဇော် | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၆။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချမှု ရှိ မရှိနှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(င) အဆိုပြုတင်သွင်းထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဆ) တင်သွင်းရန် အဆိုပြုသည့် ပစ္စည်းအမျိုးအစားနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၇။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာနက နိုင်ငံပိုင်ပစ္စည်းများအား ဝယ်ယူရာတွင် တင်သွင်းမည့် ပစ္စည်းအရည်အသွေးများအား စစ်ဆေးရေးနှင့် လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးရဲမင်းထွန်း | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခ) | ဦးဝေချစ် | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးကျော်သူ | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ဇာခြည်သိမ့်သိမ့်အေး | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (င) | ဒေါ်သီတာကျော် | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၈။ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းတာဝန်အရည်အသွေးများကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(င) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ် အခြေခံ၍စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၉။ တင်ဒါကော်မတီအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့နှင့်အညီ လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

အောင်ကျော်ဟိုး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်)

၂၀၂၅ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ တို့အရ အမှတ် (၁၆) ခြေမြန်တပ်ရင်းမှ ကြည်း ၆၄၂၅၀ ဗိုလ်ကြီး ဟိန်းအောင် အား နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုပြီးဖြစ်သဖြင့် ရောက်ရှိသတင်းပို့သည့်နေ့မှစ၍ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် အင်အားတိုးယူပြီး ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ၌ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) နှင့် လစာနှုန်းတူ ရာထူးနေရာတွင် တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်)

၁။ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူ ဆုံးဖြတ်ချက်အရ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသက်တင်လင်း ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှ နိုဝင်ဘာလ ၁၉ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသက်တင်လင်း အား ငြင်းပယ်ခဲ့သည့် အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လကို ၂၀-၁၁-၂၀၂၅ ရက်နေ့မှ ၁၉-၃-၂၀၂၆ ရက်နေ့အထိ ခံစားစေပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀-၃-၂၀၂၆ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြု လိုက်သည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဥပဒေရေးရာဝန်ကြီးဌာန**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်)

အမှတ် ၆၈။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစိစစ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါ်သစ်သစ်ဝင်း (ဥ/၂၁၉၈) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၉-၇-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှ ၈-၁၁-၂၀၂၅ ရက်နေ့ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးပြီးနောက် ၉-၁၁-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သီတာဦး

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်)

**မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးတိုးဝင်း **အစား** အတွင်းရေးမှူး ဦးဉာဏ်လင်းထွေး ဖြင့်လည်းကောင်း၊ အဖွဲ့ဝင်၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ **အစား** ရဲမှူးကြီး တင်ဇော်ထွန်း ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၂/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနသည် ကယားပြည်နယ်အစိုးရအဖွဲ့၏ ၂၅-၄-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄/၉-၂၀၅(၃၀၀)/ဦး ၅ ဖြင့်

ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃/(၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၉-၅-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၅၀၃၃/မပ (မြေတိုင်း)-၆ (၂၀၂၅) ဖြင့် စိစစ်တင်ပြချက်တို့အရ လှိုင်ကော်မြို့အတွင်းရပ်ကွက်များတွင် မြို့မြေကွက်ကျဲ၊ ကွက်စိပ်တိုင်းတာခြင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ်၊ မြို့မြေတိုင်းတာခြင်း မြေတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်အတွက် ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေအခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ လှိုင်ကော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လှိုင်ကော်မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေး အရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်)

၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၃/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ပိုဗိုလန်ထုတ်လုပ်ရေးစက်ရုံမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ စက်ရုံမှူး ဦးမင်းဦး အား ယင်းဦးစီးဌာနရှိ ထိန်းသိမ်းရေးဌာနခွဲသို့ လစာနှုန်းတူ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးဖြင့် ပြောင်းရွှေ့တာဝန် ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၂၅)

၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၃/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စက်မှုယန္တရားဌာနခွဲမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူး (စက်မှု) ဦးအောင်ဇော်လွင် အား ယင်းဦးစီးဌာန၊ ပိုဗိုလန်ထုတ်လုပ်ရေးစက်ရုံတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ စက်ရုံမှူးရာထူးသို့ တာဝန်ဝတ္တရားများကို စတင် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဥက္ကာထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်)

**အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများအရ ဖွဲ့စည်းပြီးမှတ်ပုံတင်ခွင့်ပြုသည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း**

၁။ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေ ၁၈ အရ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မေလ ၃ ရက်နေ့အထိ မှတ်ပုံတင်ထားသည့် အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်း ၃၀၄၀ ဖွဲ့အား ဖွဲ့စည်းပြီးဖြစ်ပါသည်။

၂။ ယခုအခါ အလုပ်သမားအဖွဲ့အစည်းများကို အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေ ၁၅ (က)(ခ) အရ ၂၀၂၄ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့အထိ ဖွဲ့စည်းပြီး မှတ်ပုံတင်ခွင့်ပြုသည့် အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၉၅ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ် အလုပ်သမားအဖွဲ့အစည်း ၁၆၀ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အလုပ်သမားအဖွဲ့အစည်း ၂၆ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ၉ ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် ၁ ဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၁ ဖွဲ့ စုစုပေါင်း ၃၁၁၉ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါသဖြင့် ပူးတွဲပါဇယားနှင့်အတူ ထည့်သွင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာမည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ**

| စဉ် | အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းအမည် | အရေအတွက် |
|---|---|---|
| ၁ | အခြေခံအလုပ်သမားအဖွဲ့အစည်း | ၂၈၉၅ ဖွဲ့ |
| ၂ | အခြေခံအလုပ်ရှင်အဖွဲ့အစည်း | ၂၆ ဖွဲ့ |
| ၃ | မြို့နယ်အလုပ်သမားအဖွဲ့အစည်း | ၁၆၀ ဖွဲ့ |
| ၄ | မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း | ၁ ဖွဲ့ |
| ၅ | တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း | ၂၆ ဖွဲ့ |
| ၆ | အလုပ်သမားအဖွဲ့ချုပ် | ၉ ဖွဲ့ |
| ၇ | အလုပ်ရှင်အဖွဲ့ချုပ် | ၁ ဖွဲ့ |
| ၈ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ | ၁ ဖွဲ့ |
| | **စုစုပေါင်း** | **၃၁၁၉ ဖွဲ့** |

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)၊

အောင်ဌေးဝင်း (ညွှန်ကြားရေးမှူးချုပ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လူမှုဖူလုံရေးအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်)

**အာမခံထားသူ၏ အများဆုံးလုပ်ခဝင်ငွေနှင့် သားသမီးပညာသင်စရိတ်ခံစားခွင့်နှုန်းထား သတ်မှတ်ခြင်း**

လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးနည်းဥပဒေများ နည်းဥပဒေ ၁၃၅ အရ သတ်မှတ်သည့် အာမခံထားသူ၏ အများဆုံးလုပ်ခဝင်ငွေနှင့် သားသမီးပညာသင်စရိတ်ခံစားခွင့်နှုန်းထားကို ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်သည်။

၁။ လူမှုဖူလုံရေးရန်ပုံငွေသို့ အနည်းဆုံး (၃၆) လ ထည့်ဝင်ကြေးငွေပေးသွင်းထားသည့် အာမခံထားသူ၏ သားသမီးများသည် နိုင်ငံပိုင်ကျောင်းများတွင်ဖြစ်စေ၊ နိုင်ငံတော်က အသိအမှတ်ပြုထားသောကျောင်းများတွင် ဖြစ်စေ အချိန်ပြည့်ပညာသင်ကြားနေလျှင် ၎င်းတို့၏ ပညာသင်စရိတ်ခံစားခွင့်ရရှိရန် အာမခံထားသူ၏ အများဆုံးလုပ်ခဝင်ငွေကို ကျပ် ၃၀၀,၀၀၀ (ကျပ်သုံးသိန်းတိတိ) သတ်မှတ်ပြီး ယင်းသတ်မှတ်သည့် အများဆုံး လုပ်ခဝင်ငွေပမာဏ ကျပ် ၃၀၀,၀၀၀ (ကျပ်သုံးသိန်းတိတိ) အပေါ်မူတည်၍ ပညာသင်စရိတ်ကို အောက်ပါနှုန်းထားအတိုင်း ခံစားခွင့်ပြုလိုက်သည်-

(က) မူလတန်းပညာသင်သားသမီးတစ်ဦးအတွက် ၁၀ ရာခိုင်နှုန်း
ကျပ် ၃၀,၀၀၀ (ကျပ်သုံးသောင်းတိတိ)

(ခ) အလယ်တန်းပညာသင်သားသမီးတစ်ဦးအတွက် ၁၅ ရာခိုင်နှုန်း
ကျပ် ၄၅,၀၀၀ (ကျပ်လေးသောင်းငါးထောင်တိတိ)

(ဂ) အထက်တန်းပညာသင်သားသမီးတစ်ဦးအတွက် ၂၀ ရာခိုင်နှုန်း
ကျပ် ၆၀,၀၀၀ (ကျပ်ခြောက်သောင်းတိတိ)

(ဃ) တက္ကသိုလ်ပညာသင်သားသမီးတစ်ဦးအတွက် ၂၅ ရာခိုင်နှုန်း
ကျပ် ၇၅,၀၀၀ (ကျပ်ခုနစ်သောင်းငါးထောင်တိတိ)

၂။ အာမခံထားသူသည် သားသမီးပညာသင်စရိတ်ကို သက်ဆိုင်ရာပညာသင်နှစ်စတင်ပြီး သုံးလအတွင်း အလုပ်ရှင်မှတစ်ဆင့် လူမှုဖူလုံရေးနည်းဥပဒေများ နည်းဥပဒေ ၁၃၂(ခ) တွင် သတ်မှတ်ထားသည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ လျှောက်ထားရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ အကျိုးသက်ရောက်စေရမည်။

ချစ်ဆွေ
ဥက္ကဋ္ဌ
လူမှုဖူလုံရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်)

၁။ ပညာရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင် မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေး ကော်မတီတို့အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာ ညွန့်ဖေ | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | နာယက |
| (၂) | ဒေါက်တာ ဇော်မြင့် | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ-၁ |
| (၃) | ဦးနေမျိုးလှိုင် | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ-၂ |
| (၄) | ဒေါ်နှင်းကြည် | ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ သက်လွင် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ သန့်စင်အေး | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါက်တာ ချောချောစိန် | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါက်တာ ခင်သီတာ | ခေတ္တညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၉) | ဦးသန့်ဇင်ထွန်း | ခေတ္တညွှန်ကြားရေးမှူးချုပ် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာ အောင်ကျော် | ညွှန်ကြားရေးမှူးချုပ် ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၁) | ဒေါက်တာ ကျော်ဆန်းဝင်း | ခေတ္တညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (၁၂) | ဦးကျော်စွာသွင် | ညွှန်ကြားရေးမှူးချုပ် အခြေခံပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

( ခ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | | ညွှန်ကြားရေးမှူးချုပ် သက်ဆိုင်ရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ မျိုးမင်းထွန်း | ဒုတိယအမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးဇော်ထွေးဦး | ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်သူဇာရှိန် | ဒုတိယညွှန်ကြားရေးမှူးချုပ် ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ အေးအေးဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ ကျော်ဝင်းစိုး | ဒုတိယညွှန်ကြားရေးမှူးချုပ် အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးအောင်ထိုက် | ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | | ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒေါက်တာ ဝင်းဖေ | ဒုတိယညွှန်ကြားရေးမှူးချုပ် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၀) | ဒေါက်တာ ဇေယျာထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာ နုနုလွင် | ခေတ္တပါမောက္ခချုပ်<br>Naypyitaw State Academy | အဖွဲ့ဝင် |
| (၁၂) | | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>သက်ဆိုင်ရာဦးစီးဌာန | အတွင်းရေးမှူး |

**( ဂ ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | | ညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်သန်းသန်းအေး | ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါ်ခင်မေသစ် | ညွှန်ကြားရေးမှူး<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်ပြုံးပြုံးကြည် | ညွှန်ကြားရေးမှူး<br>ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်ခင်သန္တာဝင်း | ညွှန်ကြားရေးမှူး<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါ်သစ်သစ်ခိုင် | ညွှန်ကြားရေးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါက်တာ ကျော်မိုးလွင် | ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးမျိုးအောင် | ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးရဲစိုးထူး | ညွှန်ကြားရေးမှူး<br>ကျောင်းပြင်ပနှင့် တစ်သက်တာ<br>ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးစိုးဝေဖြိုး | ညွှန်ကြားရေးမှူး<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဦးအန်ဂျေလူးစ်လိုင်ဘွေဦး | ဌာနမှူး (စီမံ/ ဘဏ္ဍာ)<br>Naypyitaw State Academy | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၂) | | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၃) | | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၄) | | ဒုတိယညွှန်ကြားရေးမှူးချုပ် သက်ဆိုင်ရာဦးစီးဌာန | အတွင်းရေးမှူး |
| (၁၅) | | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) သက်ဆိုင်ရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | | ညွှန်ကြားရေးမှူးချုပ် သက်ဆိုင်ရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ မင်းမောင်မောင် | ဒုတိယအမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါက်တာ ပြည့်စိုးသိမ်း | ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ အေးဖြူဇင် | ဒုတိယညွှန်ကြားရေးမှူးချုပ် ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ အေးသီတာစိုး | ဒုတိယညွှန်ကြားရေးမှူးချုပ် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးတိုးဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးအောင်ထိုက် | ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | | ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒေါက်တာ ဝင်းဖေ | ဒုတိယညွှန်ကြားရေးမှူးချုပ် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာ ဇေယျာထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာ စိုးစိုးအောင် | ဒုတိယပါမောက္ခချုပ် Naypyitaw State Academy | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၂) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၃) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၄) | ဒုတိယညွှန်ကြားရေးမှူးချုပ် သက်ဆိုင်ရာဦးစီးဌာန | အတွင်းရေးမှူး |
| (၁၅) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) သက်ဆိုင်ရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။　တင်ဒါကော်မတီများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းစသည့် တင်ဒါများကို (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ စာရင်းအင်းပညာဌာနမှ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ မြင့်မိုးမိုးခင် အား မုံရွာစီးပွားရေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်)

အမှတ် ၁၇၉။　ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မေလ ၆ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၅/ ၃၅၁၇ အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ တင်တင်ကျော် [သနသ (လ)-၇၈၅၂] အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၁၈၀။ ကျန်းမာရေးဝန်ကြီးဌာန၏ ၆-၅-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၅/ ၃၁၅၁၈ အရ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာ အေးအေးချစ် (ဆမ-၁၂၂၃၅) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၂-၉-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၂-၁-၂၀၂၆ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်)

**မန္တလေးတက္ကသိုလ်ပင်မဆောင် မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး ဗိသုကာဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်လှုပ်ခတ်ခဲ့သောမြေငလျင်ကြောင့် ပျက်စီးသွားသည့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးတက္ကသိုလ်ပင်မဆောင်ပျက်စီးမှုများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် **မန္တလေးတက္ကသိုလ်ပင်မဆောင် မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး ဗိသုကာဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဝင်းဇော်<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါက်တာ တင်ထွန်း<br>ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ် | အဖွဲ့ဝင် |
| ( ဂ ) | ဒေါက်တာ သက်ဦး<br>ပါမောက္ခ/ဌာနမှူး၊ ဗိသုကာဌာန<br>မန္တလေးနည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |

(ဃ) ဦးကျော်သူဝင်း — အဖွဲ့ဝင်
ဌာနမှူး (အဆောက်အအုံနှင့် ကုန်ရုံဌာန)
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

( င ) ဦးစောငြိမ်း — အဖွဲ့ဝင်
မြန်မာမြို့ပြအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအသင်း (MDA)

( စ ) ဦးမြင့်ဦး — အဖွဲ့ဝင်
ပြင်ပအင်ဂျင်နီယာပညာရှင်

(ဆ) ဦးကိုကိုနိုင် — အတွင်းရေးမှူး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံဗိသုကာကောင်စီ

၂။ မန္တလေးတက္ကသိုလ်ပင်မဆောင် မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး ဗိသုကာဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မန္တလေးတက္ကသိုလ်ပင်မဆောင်အား ပြုပြင်တည်ဆောက်ရာတွင် မူလတည်ရှိခဲ့သော ဗိသုကာပုံစံ၊ ခေတ်ကာလလက်ရာများအတိုင်း ရှေးမူမပျက်ပြန်လည်ဖော်ဆောင်တည်ဆောက်နိုင်ရေးဆောင်ရွက်ရန်၊

( ခ ) ပြန်လည်ပြုပြင်တည်ဆောက်သည့်အစိတ်အပိုင်းများအား မူလကျန်ရှိသည့် အဆောက်အဦ အစိတ်အပိုင်းများနှင့် ပေါင်းစပ်တည်ဆောက်ရာတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အဦဖြစ်အောင် စနစ်တကျ တွက်ချက်တည်ဆောက်ရန်၊

( ဂ ) ပြုပြင်တည်ဆောက်မှုအား မန္တလေးတက္ကသိုလ်ရာပြည့်ပွဲအမီ ရုပ်လုံးပေါ်အောင် တည်ဆောက်နိုင်ရေး ဆောင်ရွက်ရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အငယ်တန်းအင်ဂျင်နီယာ (၁) မြို့ပြ (၃) ဦးတို့အား ၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၂၅) ၏ သဘောတူညီချက် အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ စတင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်ခင်ဝမ်းဝေ
ဆလက/ ၄၈၇၀၄

(၂) ဒေါ်မိုးသိမ့်သိမ့်ဦး
ဆလက/ ၄၈၄၅၁

(၃) ဒေါ်ခင်မို့မို့စမ်း
ဆလက/ ၄၈၆၉၈

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၂၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အငယ်တန်းအင်ဂျင်နီယာ (၁) မြို့ပြ (၂) ဦးတို့အား ၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၂၅) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်တင်မြတ်မြတ်စု
ဆလက/ ၄၅၃၁၄

(၂) ဦးစောအယ်ထူး
ဆလက/ ၄၅၆၄၆

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်)

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် နိုင်ငံတော်သမ္မတရုံး (ယခင်) ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့နှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာန၏ **တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

(၁) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

( ခ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ (တည်ဆောက်ရေး)**

| | | |
|---|---|---|
| (၁) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ဖြူလဲ့လဲ့ထွန်း<br>လက်ထောက်အတွင်းဝန်<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | ဒေါ်ဆုမွန်စိုး<br>ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်လေးရွှေဇင်ဦး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်<br>ဒေါ်မျိုးမင်းမင်းသိန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်<br>ဒေါ်သိမ်မွေ့လွန်း<br>ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်<br>ဒေါ်ခိုင်သက်နွယ်<br>ဦးစီးအရာရှိ<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးစွမ်းရည်ရ<br>ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(ဂ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ (ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း)**

| | | |
|---|---|---|
| (၁) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နွဲ့ယဉ်အေး<br>လက်ထောက်အတွင်းဝန်<br>ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | ဒေါ်ဝင်းစန္ဒာကြည်<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးစွမ်းရည်ရ<br>ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်<br>ဒေါ်ယုယုဝေ<br>ဒုတိယညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်<br>ဒေါ်စောမြင့်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်<br>ဦးနေမင်းဟန်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါ်သန်းသန်းဝင်း<br>ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး |

(ဃ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ (တည်ဆောက်ရေး)**

| | | |
|---|---|---|
| (၁) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)<br>လူမှုဝန်ထမ်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်မီမီသွယ်<br>လက်ထောက်အတွင်းဝန်<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |

(၃) ဒေါ်ရီရီရွှေ အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၄) ဒေါ်သင်းသင်းခိုင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(၅) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် အဖွဲ့ဝင်
ဒေါ်မူမူဆွေ
ဒုတိယညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၆) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် အဖွဲ့ဝင်
ဒေါ်သဲပြည့်ဝင်း
လက်ထောက်ညွှန်ကြားရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(၇) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် အဖွဲ့ဝင်
ဒေါ်သွယ်သွယ်မိုး
လက်ထောက်ညွှန်ကြားရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(၈) ဒေါ်ဖြူဖြူဝင်း အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

( င ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ (ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း)**

(၁) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဥက္ကဋ္ဌ
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(၂) ဒေါ်မြင့်မြင့်ကြည် အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး

(၃) ဒေါ်နီလာထွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(၄) ဦးစည်သူဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(၅) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် — အဖွဲ့ဝင်
ဒေါ်စုနန္ဒာမြင့်
ဒုတိယညွှန်ကြားရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(၆) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် — အဖွဲ့ဝင်
ဒေါ်ရတနာမော်
လက်ထောက်ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၇) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် — အဖွဲ့ဝင်
ဒေါ်မေဇင်ဦး
လက်ထောက်ညွှန်ကြားရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(၈) ဦးကျော်မျိုးသန့် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

**( စ ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ (တည်ဆောက်ရေး)**

(၁) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — ဥက္ကဋ္ဌ
လူမှုဝန်ထမ်းဦးစီးဌာန

(၂) ဒေါ်နီလာအေး — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး

(၃) ဒေါ်သိန်းသိန်းမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၄) ဒေါ်ဝင်းဝင်းနွယ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(၅) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် — အဖွဲ့ဝင်
ဦးအောင်ဇော်မင်း
ဒုတိယညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၆) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် — အဖွဲ့ဝင်
ဒေါ်မေနွယ်ကျော်ဇော
ဒုတိယညွှန်ကြားရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(၇) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် — အဖွဲ့ဝင်
ဒေါ်ခိုင်သဇင်အောင်
လက်ထောက်ညွှန်ကြားရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(၈) ဒေါ်သိမ့်သူဇာမြင့် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(ဆ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ (ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း)**

(၁) ဒုတိယညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(၂) ဒေါ်နန္ဒာနွယ်ဟန် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
e-Government ဌာနခွဲ၊ ဝန်ကြီးရုံး

(၃) ဒေါ်မြသီတာ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၄) ဦးကျော်စွာ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(၅) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် — အဖွဲ့ဝင်
ဦးအောင်မျိုးထွေး
ဒုတိယညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၆) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် — အဖွဲ့ဝင်
ဒေါ်တိုးတိုးအောင်
ဒုတိယညွှန်ကြားရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(၇) ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ် — အဖွဲ့ဝင်
ဦးထွန်းလင်းအောင်
လက်ထောက်ညွှန်ကြားရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(၈) ဒေါ်သီရိမောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

၂။ ဝန်ကြီးဌာန တင်ဒါကော်မတီများအနေဖြင့် နိုင်ငံတော်သမ္မတရုံး (ယခင်) ၏ ညွှန်ကြားချက် အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါကော်မတီများ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်–

(က) **တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ဆောင်ရွက်ရမည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်း သတ်မှတ်ပေးခြင်း၊

(၄) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(၅) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာ ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၆) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်၊ နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(၇) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(၈) တင်ဒါအောင်မြင်သူများအား ကြေညာခြင်း၊

(၉) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းများဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၁၀) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေး စိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

( ခ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ (တည်ဆောက်ရေး) ၏ လုပ်ငန်းတာဝန်များ**

(၁) ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(၂) လုပ်ငန်းတစ်ခုချင်းအလိုက် ဈေးနှုန်းများသတ်မှတ်၍ တင်ဒါကော်မတီသို့ စုစည်းတင်ပြခြင်း၊

(၃) ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းများအတွက် ဈေးနှုန်းကိုတွက်ချက်ပြီး တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(၄) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

**(ဂ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ (တည်ဆောက်ရေး) ၏ လုပ်ငန်းတာဝန်များ**

(၁) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်း၊ ဖွင့်ဖောက်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်း၊

(၂) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(၃) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ ထည့်သွင်းစဉ်းစားခြင်း၊

(၄) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(၅) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(၆) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(၇) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်း အနည်းအများ အလိုက် မှတ်တမ်းပြုစုထားခြင်း။

**(ဃ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ (တည်ဆောက်ရေး) ၏ လုပ်ငန်းတာဝန်များ**

(၁) ကုမ္ပဏီတွင်ပါဝင်သော Professional Engineer၊ Senior Registered Engineer နှင့် Registered Engineer အရေအတွက်နှင့် ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများကို စိစစ်ခြင်း၊

(၂) ကုမ္ပဏီ၏ စက်၊ ယာဉ်၊ ယန္တရား လက်ဝယ်ပိုင်ဆိုင်မှုအခြေအနေကို စိစစ်ခြင်း၊

(၃) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှုအခြေအနေများကို စိစစ်ခြင်း၊

(၄) ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့သော လုပ်ငန်းအတွေ့အကြုံများနှင့် အောင်မြင်မှုများကို စိစစ်ခြင်း၊

(၅) ယခင်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများ၏ ထောက်ခံချက်၊ ကန့်ကွက်ချက်နှင့် မှတ်ချက်များ ရှိ မရှိ စိစစ်ခြင်း၊

(၆) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်းကို စိစစ်ခြင်း။

**(င) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ (ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း) ၏ လုပ်ငန်းတာဝန်များ**

(၁) ဝယ်ယူမည့် ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(၂) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက် စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်းစသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(၃) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်း အမျိုးအစားအလိုက် ဒေသဈေးနှုန်းများ စုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်း၏ အရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(၄) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(၅) တင်ဒါဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(၆) တင်ဒါကော်မတီက ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

( စ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ (ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း) ၏ လုပ်ငန်းတာဝန်များ**

(၁) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်း၊ ဖွင့်ဖောက်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်း၊

(၂) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(၃) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ နှင့် သက်ဆိုင်ရာ ဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(၄) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(၅) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်း အနည်းအများ အလိုက် မှတ်တမ်းပြုစုခြင်း၊

(၆) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(၇) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

(ဆ) **အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ (ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း) ၏ လုပ်ငန်းတာဝန်များ**

(၁) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကိုစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကိုလက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံ စာရွက်စာတမ်းများထုတ်ပေးခြင်း၊

(၅) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့်နှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(၆) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(၇) IT ကိစ္စရပ်များနှင့်ပတ်သက်သည့် လုပ်ငန်းများအတွက် ခေါ်ယူထားသည့် တင်ဒါများအား စိစစ်အကဲဖြတ်ရာတွင် သက်ဆိုင်ရာ လုပ်ငန်းအပေါ်အခြေခံ၍ နည်းပညာဆိုင်ရာ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ (Local Consultants) ခေါ်ယူတာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်ခြင်း၊

(၈) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များအား ဆောင်ရွက်ခြင်း။

၃။ တင်ဒါကော်မတီများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင် မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများ ထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်)

### ဝန်ကြီးဌာန တင်ဒါကော်မတီ ဖွဲ့စည်းခြင်း

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ တည်ဆောက်ခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့၌ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တင်ဒါကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဒုတိယဝန်ကြီး　　ဥက္ကဋ္ဌ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

| | | |
|---|---|---|
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဇ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၏ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူသည့် နည်းလမ်းများနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျပ် ၂၀ သန်းအောက် ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် မလိုဘဲ “တင်ဒါကော်မတီ” အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများ အနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

(ခ) ကျပ် ၂၀ သန်းမှ ကျပ် ၂၀၀ သန်းထိ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန်သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာကြေညာခြင်း၊

(ဂ) ကျပ် ၂၀၀ သန်းအထက် ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက် ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) ကန့်သတ်တင်ဒါစနစ်နှင့် တိုက်ရိုက်ဝယ်ယူခြင်း တင်ဒါနည်းလမ်းများကိုအသုံးပြုပါက ကျပ် ၁၀၀ သန်း အောက်ဝယ်ယူခြင်းအတွက် ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန်နှင့် ကျပ် ၁၀၀ သန်းအထက် ဝယ်ယူခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း၊

( င ) နိုင်ငံတကာတင်ဒါ ခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေသုံးစွဲရမည့် ကိစ္စများမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်မည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း ကိစ္စရပ်များ အတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူခြင်း၊

( စ ) ဝယ်ယူလိုသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်းရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

(ဆ) ဆောင်ရွက်မည့် စီမံကိန်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

( ဇ ) ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများသတ်မှတ်ခြင်း၊

(ဈ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ည) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်း ပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

( ဋ ) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာ ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

( ဌ ) တင်ဒါတင်သွင်းရမည့် နေ့ရက်၊ အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်များ သတ်မှတ်ခြင်း၊

( ဍ ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူ များထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

( ဎ ) တင်ဒါအောင်မြင်သူများအား ကြေညာခြင်း၊

(ဏ) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းများဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(တ) လုပ်ငန်းအလိုက်စိစစ်ပြီး ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ယင်းကော်မတီများ၏ လုပ်ငန်းစဉ်တစ်လျှောက် ကြီးကြပ်ဆောင်ရွက်ပေးခြင်း။

၃။　တင်ဒါကော်မတီ၏ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူသည့် နည်းလမ်းများနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျပ် ၂၀ သန်းအောက် တန်ဖိုးရှိသော တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုအပ်ဘဲ ယုံကြည်စိတ်ချရသော တည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရှင် အနည်းဆုံး (၃) ဦးထံမှ “ဈေးနှုန်းအဆိုပြုလွှာများ တောင်းခံခြင်း” နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊

( ခ ) ကျပ် ၂၀ သန်းနှင့်အထက် တန်ဖိုးရှိသော တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်နိုင်သည့် တင်ဒါနည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (Open Tendering)၊

(၂) ကန့်သတ်တင်ဒါခေါ်ယူခြင်း (Limited Tendering)၊

(၃) တိုက်ရိုက်ကန်ထရိုက်ချုပ်ဆိုခြင်း (Direct Contracting)။

( ဂ ) ဆောင်ရွက်မည့် စီမံကိန်း/ လုပ်ငန်း တည်ဆောက်ခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ (သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပါဝင်ခြင်း ရှိ မရှိ စိစစ်ရမည်။)

(ဃ) တည်ဆောက်ခြင်းအတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ တင်ဒါအောင်မြင်ပါက ချုပ်ဆိုမည့် စာချုပ်ပုံစံများကို ကြိုတင်ရေးဆွဲသတ်မှတ်ခြင်း၊

( င ) တင်ဒါခေါ်ယူသည့် တည်ဆောက်ခြင်းလုပ်ငန်းအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် အမှတ်ပေးပုံစံများ သတ်မှတ်ထုတ်ပြန်ရမည်။ စံချိန်စံညွှန်းနှင့် အမှတ်ပေးပုံစံများပြုစုရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အကြံပြုချက်ကိုရယူနိုင်ခြင်း၊

( စ ) အရည်အသွေးစံချိန်စံညွှန်းအပေါ် အမှတ်ပေးသတ်မှတ်ချက်များဖြင့် တင်ဒါရွေးချယ်ခြင်းကို လျှို့ဝှက်အဆင့်ထားရှိခြင်း၊

(ဆ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုစာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (စာချုပ်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

( ဇ ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" နှင့် "အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီ" တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဈ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး (Tender Security) ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး (Performance Guarantee) တောင်းခံခြင်း၊

(ည) တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာခြင်း၊

( ဋ ) တင်ဒါအောင်မြင်သည့် ကုမ္ပဏီက စာချုပ်ပါသတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်း (Default or Delay) ဖြစ်ပေါ်ပါက စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ အရေးယူခြင်း သို့မဟုတ် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း (Renegotiation)၊

( ဌ ) တည်ဆောက်ရေးကာလအတွင်းအရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့်အပြီးသတ်လက်ခံရေးကော်မတီက တင်ပြလာသည့် အစီရင်ခံစာများကိုစိစစ်ပြီး လိုအပ်ချက်များကို ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်မှုပြုခြင်း၊

( ဍ ) တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တင်ဒါလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အစ (၂) လအတွင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း။

၄။ တင်ဒါကော်မတီသည် ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံး ကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

(ခ) ရောင်းချသည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ ကျပ် ၂၀ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့်လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် သိသာထင်ရှားစွာ ကြေညာရမည်။

(ဂ) ရောင်းချမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ ကျပ် ၂၀ သန်းနှင့်အထက်ဖြစ်ပါက ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့်လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက်ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး နှစ်ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် (၁၄) ရက် ကြေညာရမည်။

(ဃ) ဝန်ကြီးဌာန၏ ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်း ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းများအား တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုနိုင်သည်-

(၁) လေလံခေါ်ယူခြင်း၊

(၂) တိုက်ရိုက်ရောင်းချခြင်း၊ တိုက်ရိုက်ငှားရမ်းခြင်း။

(င) ဝန်ကြီးဌာန၏ နိုင်ငံပိုင်ပစ္စည်းများကို တည်ဆဲဥပဒေနှင့်အညီ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုလုပ်နိုင်ပြီး တည်ဆဲဥပဒေပြဋ္ဌာန်းချက်မရှိပါက အောက်ပါအတိုင်း ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုနိုင်သည်-

(၁) လေလံခေါ်ယူခြင်း၊

(၂) ဈေးနှုန်းကမ်းလှမ်းခြင်း၊

(၃) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(စ) တင်ဒါကော်မတီအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းပြုလုပ်ရာတွင် အပိုဒ်ခွဲ (င)၊ (၃) ပါ ကိစ္စရပ်မှအပ ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့်ပစ္စည်းများအား နိုင်ငံပိုင်သတင်းစာများနှင့် ဝန်ကြီးဌာန Website တွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် အနည်းဆုံး (၁၄) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြော်ငြာရမည်။

ကျော်စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**တင်ဒါကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ ဖွဲ့စည်းခြင်း**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက် အမှတ် ၁/၂၀၂၂ ပါ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် "ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၊ နည်းပညာဆိုင်ရာ လုပ်ငန်းများ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" တို့အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန် | ဝန်ကြီးရုံး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | လက်ထောက်အတွင်းဝန် | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှု ဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | လက်ထောက်အတွင်းဝန် | မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၄) | လက်ထောက်အတွင်းဝန် | စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၅) | လက်ထောက်အတွင်းဝန် | e-Government ဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူး | ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၇) | ဒုတိယအမြဲတမ်းအတွင်းဝန် | ဝန်ကြီးရုံး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၈) | လက်ထောက်အတွင်းဝန် | ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး | တွဲဖက်အတွင်းရေးမှူး |

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(၄) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ နှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(၅) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(၆) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများ အလိုက် မှတ်တမ်းပြုစုထားခြင်း၊

(၇) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့်အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(၈) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

( ဂ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | လက်ထောက်အတွင်းဝန် | ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ ဝန်ကြီးရုံး | ဥက္ကဋ္ဌ |
| (၂) | ဒုတိယညွှန်ကြားရေးမှူး | မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူး | စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူး | ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး | အတွင်းရေးမှူး |

(ဃ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(၂) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက် စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်းစသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(၃) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်းအမျိုးအစား အလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(၄) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါ ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(၅) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(၆) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

**( င ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | လက်ထောက်အတွင်းဝန် | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး | ဥက္ကဋ္ဌ |
| (၂) | လက်ထောက်အတွင်းဝန် | e-Government ဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး | စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၄) | လက်ထောက်ညွှန်ကြားရေးမှူး | ဦးစီးရုံး၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူး | ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး | အတွင်းရေးမှူး |

**( စ ) အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် လုပ်ငန်းဆောင်ရွက်နေစဉ်နှင့် လုပ်ငန်းပြီးဆုံးချိန်များတွင် အရည်အသွေးများကိုစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(၅) ပစ္စည်းအမျိုးအစား တစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့်ခုနှစ်၊ ထုတ်လုပ်သည့်ကုမ္ပဏီများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(၆) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(၇) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

**(ဆ) နည်းပညာဆိုင်ရာလုပ်ငန်းများ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | လက်ထောက်အတွင်းဝန် | e-Government ဌာနခွဲ၊ ဝန်ကြီးရုံး | ဥက္ကဋ္ဌ |
| (၂) | လက်ထောက်အတွင်းဝန် | ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး | အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၄) လက်ထောက်ညွှန်ကြားရေးမှူး ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ ဝန်ကြီးရုံး အဖွဲ့ဝင်

(၅) လက်ထောက်ညွှန်ကြားရေးမှူး e-Government ဌာနခွဲ၊ ဝန်ကြီးရုံး အတွင်းရေးမှူး

( ဇ ) **နည်းပညာဆိုင်ရာလုပ်ငန်းများ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ဝန်ကြီးဌာနမှ ဆောင်ရွက်မည့် နည်းပညာဆိုင်ရာလုပ်ငန်းများဖြစ်သော Server Network နှင့် ICT ဆိုင်ရာ အခြေခံအဆောက်အဦအတွက် လိုအပ်သည့် Hardware များနှင့် Software များ၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများ၊ Website၊ Web Application နှင့် Software အသစ်များ ရေးဆွဲခြင်း၊ ဝန်ဆောင်မှုရယူခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာများအတွက် တင်သွင်းလာသည့် တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) နည်းပညာဆိုင်ရာ တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(၄) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ နှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(၅) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(၆) ပစ္စည်းအမျိုးအစားအလိုက်၊ လုပ်ငန်းအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်း အနည်းအများအလိုက် မှတ်တမ်းပြုစုထားရှိခြင်း၊

(၇) အဆိုပြုသည့် ပစ္စည်းများ၊ နည်းပညာဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(၈) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

ဖြိုးဇော်စိုး
ဥက္ကဋ္ဌ
တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ခိုင်ရွှေဝါ အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး

ဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ လစာနှုန်းတူ ညွှန်ကြားရေးမှူးရာထူးဖြင့် ၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့ထက်နောက်မကျစေဘဲ ပြောင်းရွှေ့တွဲဖက်စေလိုက်သည်။

ခွန်သန့်ဇော်ထူး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၉၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်)

၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင်ကျင်းပသော ဤရုံး၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) ဖြင့် အတည်ပြုချက်အရ ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအေးငွေ (၅၇၄၉) အား နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ခင်နိုင်ဦး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်)

၁။ ၁၄-၅-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၅) ဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ စီမံ/ဘဏ္ဍာဌာနကြီး၊ သင်တန်းရေးရာဌာနမှ ဌာနကြီးမှူး (သင်တန်းရေးရာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်နွယ်နွယ်ရီ အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၉-၆-၂၀၂၅ ရက်နေ့မှ ၁၈-၁၀-၂၀၂၅ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အောင်သော်
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီ

**အမိန့်အမှတ် (၁၀၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်)

**နေပြည်တော်ကောင်စီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅၁/၂၀၂၅ ဖြင့် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးတိုးဝင်း (ပ/၄၉၃၇) အား နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ချထားခဲ့သဖြင့် နေပြည်တော်ကောင်စီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးကြီး ရဲမိုး | ကောင်စီဝင် |
| (ဂ) | ဦးဇေယျာလင်း | ကောင်စီဝင် |
| (ဃ) | ဦးမြင့်စိုး | ကောင်စီဝင် |
| (င) | ဦးမင်းဦး | ကောင်စီဝင် |
| (စ) | ဦးဟန်သူ | ကောင်စီဝင် |
| (ဆ) | ဦးခင်မောင်လတ် | ကောင်စီဝင် |
| (ဇ) | ဦးတိုးဝင်း | အတွင်းရေးမှူး |

၂။ နေပြည်တော်ကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၂၅ အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သန်းထွန်းဦး
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၅)**

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၀၅၇၈ ဒေါ်မြင့်မြင့်စော ၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ၂၁-၆-၂၀၂၅ ရက်နေ့မှ ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ (၄) လကို ၂၁-၄-၂၀၂၅ ရက်နေ့တွင်ကျင်းပသော ကော်မတီဝင်များ အစည်းအဝေးဆုံးဖြတ်ချက် အမှတ် ၅။ (က/၁) (၆) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်၍ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၁-၁၀-၂၀၂၅ ရက်နေ့မှ ၂၀-၂-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၁-၂-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ပိုလ်ငွေး

ဥက္ကဋ္ဌ (မြို့တော်ဝန်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စည်ပင်သာယာရေးဝန်ကြီးဌာန**

**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်)

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့မှ ဒေါ်တင်မိုးရွှေ (ဒုတိယညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား ရန်ကုန်တိုင်း ဒေသကြီးစည်ပင်သာယာရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး (စီမံ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့ရက်မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ပိုလ်ငွေး

ဝန်ကြီး

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်)

**မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၄၀/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့သည့် တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာ မှုခင်းများတရားစီရင်ရေး အထောက်အကူပြုအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်အရ **မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးဉာဏ်လင်းထွေး | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ယာယီရဲမှူးကြီး<br>ဉာဏ်ဝင်း | ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်မျိုးအောင် | ညွှန်ကြားရေးမှူး<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ခိုင်ခိုင်မျိုး | ပြည်နယ်တရားရေးဦးစီးမှူး<br>ပြည်နယ်တရားရေးဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (င) | ဒေါ်မိုးနှင်းလွင် | ပြည်နယ်ဥပဒေအရာရှိ<br>ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ဦးရဲရင့်ထွန်း | ပြည်နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့<br>အင်အားဆိုင်ရာပြည်နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (ဆ) | ဦးဟိဏ်းလင်းထက် | ပြည်နယ်ရွေးကောက်ပွဲအရာရှိ<br>ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး | အဖွဲ့ဝင် |

၂။ မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် တရားရုံးများတွင် စစ်ဆေးဆဲဖြစ်သည့် ပြစ်မှုဆိုင်ရာမှုခင်းများကို တရားမျှတမှုရှိစွာဖြင့် မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်နိုင်ရေး မိမိတို့၏ ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ရန်နှင့် မိမိတို့ကဏ္ဍအလိုက်ဆောင်ရွက်ရာတွင် အခက်အခဲ သို့မဟုတ် အားနည်းချက်တစ်စုံတစ်ရာရှိပါက ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ဝင်အချင်းချင်းချိတ်ဆက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှုခင်းများ မှန်ကန်၊ မြန်ဆန်စွာပြီးပြတ်အောင် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တရားရုံးများ ရုံးချိန်းအတွင်း အပြည့်အဝရုံးထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊

(ခ) တရားစွဲအဖွဲ့အစည်းများက တရားစွဲတင်ရာတွင် အမှုနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ၊ သက်သေခံပစ္စည်းများ ပြည့်စုံစွာတင်ပြစေရန် ကြပ်မတ်ခြင်း၊

(ဂ) တရားရုံးကဆင့်ဆိုသည့် သက်သေများ ရုံးချိန်းရက်တွင် သက်သေခံနိုင်ရေးအတွက် သမ္မန်စာများ စနစ်တကျဆင့်ဆိုအတည်ပြုဆောင်ရွက်ရန် ကြပ်မတ်ခြင်း၊

(ဃ) တရားရုံးကထုတ်ဆင့်သည့် လူဖမ်းဝရမ်းများ၊ ပစ္စည်းရှာဝရမ်းများ၊ ပစ္စည်းသိမ်းဝရမ်းများကို စနစ်တကျအတည်ပြုပြီး သတ်မှတ်ရက်တွင် တရားရုံးသို့ တင်ပို့ရန်ကြပ်မတ်ခြင်း၊

(င) အချုပ်တရားခံများ အချိန်မီရုံးရှေ့တင်ပို့ရန် ကြပ်မတ်ခြင်း၊

(စ) စစ်ဆေးဆဲအမှုနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဆ) တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်သည့်သဘောသက်ရောက်သော ဆောင်ရွက်မှုမျိုးမရှိစေရေး သတိပြုဆောင်ရွက်ရန်နှင့် တရားရုံး၏စစ်ဆေးစီရင်ခြင်းကိုမထိခိုက်စေဘဲ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများတွင် အခက်အခဲများဖြစ်ပေါ်လာပါက ပေါင်းစပ်ညှိနှိုင်း၍ မှန်ကန်၊ မြန်ဆန်အောင် ဆောင်ရွက်ပေးခြင်း၊

(ဇ) မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးအား နှစ်ပတ် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်း၊

(ဈ) မွန်ပြည်နယ်အဆင့်တွင် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရာ၌ ပြည်ထောင်စု အဆင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များရှိပါက တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့သို့တင်ပြ၍ ဆောင်ရွက်ပေးခြင်း။

၄။ မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာအား နှစ်ပတ် တစ်ကြိမ် တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက် အကူပြုလုပ်ငန်းအဖွဲ့သို့ တင်ပြရမည်။

၅။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၅ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော **မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့** အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်ကြည်သိန်း
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်)

အမှတ် ၈၇/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ကျော်မိုး ကြည်း ၈၁၃၇၅

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်)

အမှတ် ၈၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

(၁) စိုးဝင်းအောင် ကြည်း ၈၁၃၇၆

(၂) ဌေးနိုင် ကြည်း ၈၁၃၇၇

## (လေတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်)

အမှတ် ၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ လေကြောင်းလမ်းပြကြီးအား ၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

စိုးမိုးနိုင် လေ ၄၇၀၉

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်)

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆က/၅၊ ယုဇနရပ်)၊ ဦးပိုင်အမှတ် (၇၅/က-၁) ရှိ မြေဧရိယာ ၀.၁၀၇ ဧက၊ ဦးပိုင်အမှတ် (၇၅/က-၂) ရှိ မြေဧရိယာ ၀.၀၉၈ ဧက၊ ဦးပိုင်အမှတ် (၇၉) ရှိ မြေဧရိယာ ၀.၂၁၈ ဧက၊ ဦးပိုင်အမှတ် (၈၁) ရှိ မြေဧရိယာ ၀.၇၃၁ ဧက၊ ဦးပိုင်အမှတ် (၈၄) ရှိ မြေဧရိယာ ၀.၁၀၃ ဧက **စုစုပေါင်းမြေဧရိယာ ၁.၂၅၇ ဧက** အား **ဗေသလနှစ်ခြင်းခရစ်ယာန်အသင်းတော်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပ၊ ထ၊ န - အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၁၇၀/ ၁၃-၆-၂၀၂၅။